
တာဆွေနိုင်ကိုရင်လေးနှင့်
အစာအပင်း
ဗိဗိ
(မန္တလေး)

# တစ္ဆေနိုင်ကိုရင်လေးနဲ့ အစာအပင်း

(၁)

တစ်နေ့၌ ကိုရင်နန္ဒိယသည် အမျိုးအဆွေများရှိရာ ဒေါင်းမရွာသို့ အလည်သွားခဲ့၏။ ရွာရှိ ဆွေမျိုးများမှာ ကိုရင်နန္ဒိယ၏ 'တစ္ဆေနိုင်ကိုရင်လေး'ဟူသော ဂုဏ်သတင်းကျော်ကြားမှုကြောင့် ဟိုအိမ်ကပင့် ဒီအိမ်ကပင့်နှင့် လက်မလည်နိုင်အောင် ရှိနေ၏။

ထိုအထဲတွင် အမေ့၏ ဝမ်းကွဲအစ်မကြီးဖြစ်သော ဒေါ်ဝါနုလည်း ပါလေ၏။ ယခင်က ဆွေမျိုးများနှင့် ဒေါ်ကြီးဝါနုသည် ဆင်းရဲသော ကိုရင်နန္ဒိယ၏အမေကို အဖက်လုပ်ကြသူများ မဟုတ်။ ယခုတော့ သားဖြစ်သူသာမဏေကြောင့် မျက်နှာပွင့်လှ၏။ သင်္ကန်း၏ တန်ခိုး အာနုဘော်ကားကြီးလှပေစွ။

ဒေါ်ကြီးဝါနုက ကိုရင်နန္ဒိယအား အိမ်သို့ မရမက ပင့်ခေါ်နေသည်မှာ အကြောင်းရှိလေ၏။

ပရလောကသားများကို နိုင်နင်းသည့် တစ္ဆေနိုင်ကိုရင်လေးဟု ကျော်ကြားလှသော တူမောင် နန္ဒိယ ရောက်ခိုက်၊ သူ၏ အချစ်ဆုံးသား ငယ် စံမြင့်ကို ပယောဂ ရှိ မရှိ စစ်ပေးစေလို၍ ဖြစ်၏။

သားငယ်ဟု ဆိုငြား၊ ကိုရင်နန္ဒိယထက်ကြီးပြီး၊ စံမြင့်သည် အသက် ၂၂နှစ်ရှိနေပြီ ဖြစ်၏။ စံမြင့်သည် ယခုအခါ၌ အိပ်ရာထဲ လဲနေ၏။

ခေတ်မီ ဆေးဝါးများဖြင့် ကုသပါသော်လည်း ကောင်းစွာ မသက်သာ။

ဆေးရုံ ဆေးပေးခန်းတို့ရှိ သမားပါရဂူတို့မှာလည်း စံမြင့်၏ ဆီး၊ ဝမ်း၊ သွေးစစ်ဆေးချက် ရလဒ်များ၊ ကိုယ်တွင်းဓာတ်မှန် အဖြေလွှာများကို စစ်ဆေးကြည့်ရှု၍ ခေါင်းကုတ်ကြ၏။ စစ်ဆေးချက်များနှင့် ဓာတ်မှန်အဖြေ အရ မည်သည့် ရောဂါမှ ထူးခြားစွာ ရှာဖွေ မတွေ့ရှိကြချေ။

ထို့ကြောင့် မကြာခင် သက်သာသွားမှာပါဟုသာ ပြော၍ သောက်ဆေး ပေး ပြန်လွှတ် တတ်ကြ၏။

စံမြင့် ရောဂါမှာ ထူးဆန်း၏။ ညနေစောင်းပြီဆိုတာနှင့် နာနာကျင်ကျင် အော်ဟစ် ညည်းညူတတ်သည်။ ဗိုက်ထဲမှာ မီးစနှင့် ထိုးသကဲ့သို့ ပူခြစ်ပြီး စူးအောင့်တတ်လေ၏။ နေ့ဘက်တော့ သက်သာဟန်တူ၏။ အော်ဟစ်ခြင်း မရှိချေ။ သို့သော် ၎င်းကို ကြည့်ရသည်မှာ ဖြူဖျော့ နွမ်းဖတ်နေ၏။ အားအင် နည်းပါးသူနှင့် တူလေ၏။

ထို့ကြောင့် ကိုစံမြင့်ကို တစ္ဆေနိုင်ကိုရင်လေးနှင့် ပေးတွေ့ခြင်း ဖြစ် လေ၏။

တစ္ဆေနိုင်ကိုရင်လေးနှင့် ကိုစံမြင့်အား ပေးမတွေ့ခင်မှာ ဒေါ်ကြီးဝါနုတို့ အကြောင်း အနည်းငယ် တင်ပြပါအံ့။

***